**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၄ /၂၀၂၅)

ရက်စွဲ၊ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လ ၁၇ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်မှတ်ပုံတင်လျှောက်ထားမှုအတွက် မှတ်ပုံတင်ကြေးများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ထုတ်ပြန်ခြင်း**

၁။ Myanmar Tradent 2.0 စနစ်အတွင်းအောက်ဖော်ပြပါ မှတ်ပုံတင်များကို ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်-

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ၊

( ခ ) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် ၊

( ဂ ) အရောင်းစင်တာဖွင့်လှစ်၍ မော်တော်ယာဉ်တင်သွင်းရောင်းချခွင့်လက်မှတ်၊

(ဃ) အရောင်းပြခန်းဖွင့်လှစ်၍ မော်တော်ယာဉ်အသစ်များ တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ၊

( င ) အရောင်းစင်တာဖွင့်လှစ်၍ လုပ်ငန်းသုံးမော်တော်ယာဉ်တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ၊

( စ ) အရောင်းပြခန်းဖွင့်လှစ်၍ ဆောက်လုပ်ရေးနှင့် လုပ်ငန်းသုံးယန္တရားများ တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ၊

(ဆ) အရောင်းပြခန်းဖွင့်လှစ်၍ လျှပ်စစ်သုံးမော်တော်ယာဉ် (EV) တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ၊

( ဇ ) အရောင်းပြခန်းဖွင့်လှစ်၍ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ၊

( ဈ ) အကောက်ခွန်လွတ်အရောင်းဆိုင်မှတ်ပုံတင် ၊

( ည) ယမကာတင်သွင်းရောင်းချခွင့်မှတ်ပုံတင် ၊

( ဋ ) လက်လီ၊ လက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ၊

( ဌ ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင် ။

၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်မှတ်ပုံတင်အသစ်လျှောက်ထားမှုအတွက် ဌာနမှခွင့်ပြုသည့်နေ့မှစ၍ ၂၁ ရက်အတွင်း မှတ်ပုံတင်ကြေး ပေးသွင်းဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက မှတ်ပုံတင်ကြေးအပြင် အောက်ပါအတိုင်း ဒဏ်ကြေးငွေအား ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ခွင့်ပြုပြီး ၂၂ ရက် မှ ၃၀ ရက်အတွင်း ပေးသွင်းပါက မှတ်ပုံတင်ကြေးအပြင် ဒဏ်ကြေး ငွေကျပ် ၁၀၀,၀၀၀ ၊

( ခ ) ခွင့်ပြုပြီး ၃၁ ရက် မှ ၆၀ ရက်အတွင်း ပေးသွင်းပါက မှတ်ပုံတင်ကြေးအပြင် ဒဏ်ကြေးငွေကျပ် ၂၀၀,၀၀၀ ၊

( ဂ ) ခွင့်ပြုပြီး ၆၁ ရက်မှ ၉၀ ရက်အတွင်း ပေးသွင်းပါက မှတ်ပုံတင်ကြေးအပြင် ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀ ။

၃။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Tradenet 2.0 စနစ်မှ အဆိုပါမှတ်ပုံတင်များ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဌာနမှခွင့်ပြု (Approved) ပြီးသည့်နေ့မှစ၍ ၃ လအတွင်း သတ်မှတ်မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးကို ပေးသွင်းခြင်းမပြုပါက စနစ်မှအလိုအလျောက်ပယ်ဖျက် (Auto Cancel) သွားမည်ဖြစ်သည်။

၄။ အပိုဒ် ၂ နှင့် ၃ ပါ စည်းကမ်းချက်များအား လိုက်နာမှုမရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ်အား ၁ နှစ်အတွင်း ထပ်မံလျှောက်ထားခွင့်မရှိကြောင်းနှင့် အခြားဆက်စပ်မှတ်ပုံတင်ဖြစ်ပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်မှတ်ပုံတင် သတ်မှတ်ကြေးများကို ခွင့်ပြုပြီး ၂၁ ရက်အတွင်း အပြီးပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၆။ ဤသတင်းလွှာပါ လုပ်ငန်းစဉ်များကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**